# သတင်းကြီးခဲ့တဲ့မင်းသမီးပဲခူးမြ

သုံးဆယ်ထိဋ္ဌတင်မြင့်

၃၁–၁၀–၇၁ နေ့ညက မြန်မာ့အသံ ဇာတ်သဘင်ဖျော်ဖြေခန်း၌ မဟာပဒုမဇာတ်တော်ကို အသံလွှင့်ခဲ့ရာမဂ်လာဦးအောင်မောင်းကမင်းသမီးပဲခူးမြနှင့်တွဲဖက် အသုံးတော်ခံသွားသည်ကို နားသောတဆင်လိုက်မိသည်။ ခေတ်ဟောင်းမှ ဓါတ်ပြား၏ ဇာတ်သွား ဖြစ်ပေသည်။

မင်းသမီးပဲခူးမြဆိုသော ကျေညာချက်ကို ကြားလိုက်သည်နှင့်မြကလေးအကြောင်း သတိရလာမိသည်။ မြကလေးသည်ပင် ပဲခူးမြဖြစ်ပါသည်။ ပဲခူးမြမှာ ဥက္ကံသုံးဆယ် အပျိုတွေ ချောတဲ့ လှိုင်ဘောလယ်နယ် သုံးဆယ်ဇာတိ ဖြစ်သည်ဟုအနုပညာလောကက အခိုင်အမာဆိုကြသည်။ အချို့က သုံးခွမြို့သူ ဖြစ်သည်ဟုလည်းဆိုကြသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်ကလည်း အထက်အညာဒေသက ပုဂ္ဂိုလ်တစ်ဦးက ပဲခူးမြသည် သုံးဆယ်သူဖြစ်သည်။ ပဲခူးမြဆိုသောသီချင်း တစ်ပုဒ်တွင် သူ၏ မွေးရပ်ဇာတိကို ထည့်၍သီဆိုထားကြောင်း ကြားဖူးပါသည်ဟုဗိုလ်တစ်ထောင် သတင်းစာတွင် ရေးသား၍ သိရှိသော ပညာရှင်များက ထင်ထင်ရှားရှား ထုတ်ဖော်သင့်ကြောင်း ရေးသားထားသည်။

ဗိုလ်တစ်ထောင်သတင်းစာဆောင်းပါးရှင်၏ ကြားဖူးသည်ဆိုသော သီချင်းမှ ပဲခူးမြ၏ သီချင်းအစအနကလေးမှာ–

“ဇာတိကတော့ ဥက္ကံသုံးဆယ်×ပဲခူးမြကျမ အနုပညာသည်...”ပင် ဖြစ်ပါသည်။

(ဗိုလ်တစ်ထောင် သတင်းစာပါ ပဲခူးမြနှင့်ပတ်သက်၍ ရေးသော ဆောင်းပါးရှင်အမည်နှင့်သတင်းစာရက်စွဲကိုတော့ မမှတ်မိတော့ပါ။)

ထိုစဉ်က ပဲခူးမြအကြောင်း သိသလောက်ရေးရန် သတိရပေမင့် အကြောင်းမညီညွတ်သဖြင့် မရေးဖြစ်ခဲ့ပါ။ ယခုတစ်ဖန် မြန်မာ့အသံ ဇာတ်သဘင်ဖျော်ဖြေခန်းမှ ကြားရသောအခါ သူ့အကြောင်း သိသလောက် ထုတ်ဖော်၍ ရေးရန် စိတ်ကူးပေါက်လာမိသည်။ သုံးဆယ်ဇာတိဖြစ်သည်။ သုံးခွဇာတိဖြစ်သည်ဟူသော ဝိဝါဒကွဲပြားမှုကိုတော့ မတင်ပြလိုပါ။ ကျွန်တော်သိသော မင်းသမီးပဲခူးမြ၏ အကြောင်းကို ထုတ်ဖော်လိုက်ပါသည်။ ရင်းမြစ်ကို ပို၍သိသော ပုဂ္ဂိုလ်ရှိလျှင်လည်း အမှန်ကို ထုတ်ဖေါ်ရန် မေတ္တာရပ်လိုက်ပါသည်။

ebook is created by www.ShanYoma.Org

ဇာတိချက်ကြွေ သူရမြေ

ကျွန်တော်တို့ သုံးဆယ်မြို့မှာ ရာမညတိုင်း၊ မွန်သုံးရပ်တွင် ပါဝင်ခဲ့ပါသည်။ ဟံသာဝတီ ၃၂ မြို့၏ အရံမြို့ဖြစ်ကြောင်း ဆိုကြပါသည်။ မွန်အခေါ် ချုံးစဲရာယ်းဖြစ်၍ မြန်မာလို သူရဲကောင်းမြို့ ဖြစ်ပါသည်။ သူရမြေဟုလည်း သမုတ်ကြပါသည်။ သတင်းကြီးတဲ့မင်းသမီးပဲခူးမြေခေါ် ငယ်မည် မမြလေး၏ဇာတိချက်ကြွေရာမှာ သုံးဆယ်မြို့ ဖြစ်ပါသည်။

ခလေးဘဝ မမြလေး

မမြလေးကို သုံးဆယ်မြို့၊ စံရွှေးတန်းလမ်းနေ ဦးအောင်ကျော်–ဒေါ်ရွှေညွန့်တို့မှ ဖွားမြင်ပါသည်။ ဘခင်မှာ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ် ယခင်က ဦးဘစိန်၏ညီရင်းဖြစ်သည်။ စာရေးသူ၏ဇနီးသည်၏ ဖခင်နှင့်မောင်နှမ နို့တစ်လုံးကြားတော်စပ်ပါသည်။ ဦးအောင်ကျော်သည် ငယ်စဉ်ကပင် ဂီတပညာ၌ ဝါသနာထုံသည်။ ဘာဂျာမှုတ်၊ လက်ဆွဲဘာဂျာတီး အလွန်ကောင်းသူဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကြေးတီးဆရာလည်း ဖြစ်သည်။ ကြေးဝိုင်းတီးရာတွင်လည်း နာမည်ရခဲ့သူ ဖြစ်သည်။

ဦးအောင်ကျော်သည် မိမိဝါသနာကို မိမိသာထုံသည်မဟုတ်သေးဘဲ သမီးကလေး မမြလေးကိုလည်း ၁၂–၁၃ နှစ်အရွယ်တွင် အရပ်ယိမ်းများတွင်ငင်း၊ ဘုန်းကြီးပျံပွဲ ယိမ်းများတွင်ငင်း၊ ပါဝင်ကပြခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ စည်းဝါးနှင့်သင်ပေးသည်။ ကပြရာတွင် မြလေးသည် လက်နှစ်ဖက်ကို နောက်သို့ယှက်၍ ကော့ချပြီး ကပြရာ ခြေနှင့်ဦးခေါင်းသည် ထိလုနီးပါးကွေးပျော့ကျကြောင်း၊ ပျော့ပျောင်းသောအကကို ကနိုင်ကြောင်း ပြောပြကြပါသည်။

မင်းသမီး ဖြစ်ရခြင်းကား

မြကလေး အရွယ်မရောက် တရောက်တွင် မိခင်ဒေါ်ရွှေညွန့် ကွယ်လွန်ခဲ့သည်။ ဘခင် ဦးအောင်ကျော်သည်လည်း စုဆောင်းထားသော ပစ္စည်းများကို ဆွေမျိုးတစ်ဦးထံ အပ်နှံထားရာ ဒေါ်ရွှေညွန့်ဆုံးသဖြင့် သွားတောင်းရာ ပြစ်ပြစ်ခါခါ ပြောလွှတ်၍ ပစ္စည်းဆုံးရသည်။ ဇနီးလည်းဆုံး၊ ပစ္စည်းလည်း ဆုံး၍ စိတ်လက်မချမ်းသာသော ဦးအောင်ကျော်သည် ဇာတိမြေမှ သမီးလေးနှင့်အတူ ထွက်ခွာခဲ့သည်။ သမီးမြလေးကို မိခင်ပမာ အုပ်ထိန်းလျက် ဖိုးစိန်ကြီး၏ ဇာတ်တွင် ယိမ်းသမကလေးအဖြစ် ပါဝင်ကပြစေခဲ့သည်။ ဦးဘိုးစိန်၏ဇာတ်တွင် အနုပညာကို ရနိုင်သမျှ ဆည်းပူးခဲ့သည်။ ထိုနောက် ဦးဘိုးစိန်၏ဇာတ်မှထွက်၍ အခြားဇာတ်များတွင် ခေါင်း

ebook is created by www.ShanYoma.Org

ဆောင်မင်းသမီးအဖြစ် သဘင်ပညာကို ထမ်းဆောင်ခဲ့သည်။ မင်္ဂလာဦးအောင်မောင်းနှင့်သာမက မင်းသားရွှေကြီးညိုနှင့်လည်း အများဆုံး တွဲဖက်ကပြခဲ့သည်။

## ဆွေမျိုးများ ဝိုင်းပယ်ခံရခြင်း

မြလေးသည် ဘခင်အို သဘင်ပညာဖြင့် ရှာကြံ၍ လုပ်ကျွေးနေခဲ့ပြီး ဇာတိရပ်မြေသို့ပြန်လာခဲ့ရာ ဆွေမျိုးများက ဒို့အမျိုးက သဘင်သည် ဖက်ခွက်စားမျိုး မဟုတ်ဘူးဟု မခေါ်မပြောဘဲ နေကြသည်။ (ဤတွင် ရှင်းလိုပါသည်။ ဖက်ခွက်စား သဘင်သည်ဆိုခြင်းကို ဂုဏ်ယူသင့်ပါသည်။ အကြောင်း ဤသို့ ရှိပါသည်။ ရှေးခေတ်ဘုရင်များသည် တောစခန်းထွက်တော်မူတတ်ပါသည်။ တောစခန်းထွက်တော်မူရာတွင် အတီး, အမှုတ် အမှုတော်ထမ်းများသည်လည်း လိုက်ပါ၍ ပျော်တော်ဆက်သရပါသည်။ ဘုရင်သည် တောစခန်း၌ ရွှေအုပ်၊ ရွှေခွက်တို့ဖြင့် ပွဲတော်မတည်ဘဲ မြစိမ်းခွက်ဖြင့် ပွဲတော်တည်တတ်ကြောင်း စာရေးသူ၏ အဖွား ပြောပြဖူးပါသည်။ မြစိမ်းခွက်ဆိုသည်မှာ ငှက်ပျောဖက်၊ ထန်းဖူးစသည်တို့ကို မြန်မာ့ဖက်ပန်းလှီးပညာဖြင့် ပန်းခွက်ပန်းနွယ်ပန်းထောင်တို့ဖြင့် ပြုလုပ်ထားသောခွက် ဖြစ်ပါသည်။ (မြန်မာ့ဖက်ပန်းလှီးပညာအကြောင်းကို ကြုံ လျှင်ရေးပါဦးမည်)ဘုရင်သည် မြစိမ်းခွက်ဖြင့် ပွဲတော်တည်ပြီးသောအခါ ပျော်တော်ဆက် သဘင်သည်တို့အား ချီးမြှောက်တော်မူလိုသဖြင့် ပွဲတော်ကျကို ထိုမြစိမ်းခွက်နှင့်ပင် စားစေပါသည်။ ဘုရင်တို့မည်သည် သဒ္ဓါတော်မူသောပုဂ္ဂိုလ်တို့ကိုသာ စားခွင့်ပြုသည်။ မည်သူကို သဒ္ဓါတော်မူသည်ဟု အမိန့်အမှာအကြား မရှိလျှင် ခုနစ်တောင်နက်သောတွင်း၌ မြှုပ်ပစ်ရသည်ဟူသတည်း။ သို့ကြောင့် ဤရတောင့် ရခဲသော ဆုလာဘ်ရသည်ကို ပျော်တော်ဆက်တို့က ဂုဏ်ယူကြပါသည်။ ထိုအကြောင်းကို ထောက်၍ မြစိမ်းခွက်၊ ဖက်ခွက်စားသည် အနုပညာသဘင်တို့တွင် ဂုဏ်ယူထိုက်သည်ဟုဆိုခြင်း ဖြစ်ပါသည်။

မြလေးသည် ဆွေမျိုးများက ဝိုင်းပယ်၍ စိတ်နာနာနှင့်ပဲခူးမြို့ဘက်သို့ ဘခင်နှင့်ပြန်ခဲ့သည်။ ဘခင်လည်း မကြာမီ ဆုံးသွားရှာသည်။ မိမိနာမည်ကိုလည်း မြလေးဟုတွင်ရာမှ ဇာတိမြေကို စိတ်နာ၍ ပဲခူးမြဟု ပြောင်းလဲလျက် သုံးသည်ဟူ၏။

## ပဲခူးမြဘဝ

မြလေးသည် အရပ်ခပ်ပျပ်ပျပ်ဖြစ်၍ ပိန်ပိန်ပါးပါး အသားညိုညိုဖြစ်သည်။ မျက်နှာသွယ်သည်။

ပဲခူးမြနာမည်ကြီးလာသဖြင့် ရွှေကြီးညိုနှင့်အတွဲများပြီး ဓါတ်ပြားများ သွင်းသည်။

ebook is created by www.ShanYoma.Org

စာရေးသူ နားထောင်ဖူးသလောက်မှာ သဒ္ဒါသုမနဇာတ် ဖြစ်သည်။ ယခုတစ်ဖန် မြန်မာ့အသံမှ မဟာပဒုမဇာတ်တော်ကို လွှင့်ပြန်၍ ထပ်ဆင့်ကြားဖူးရပြန်သည်။

သုံးဆယ်မြို့ ဈေးလမ်းနေ၊ ပဲခူးမြနှင့်အမျိုးတော်စပ်သူ အနုပညာရှင်ဦးမောင်သန်း၏ပြောပြချက်မှာ ပဲခူးမြသည် အသံဝါဖြစ်သည်။ ဘယ်သံမှ ညာသံသို့ ပြောင်းရာတွင် လွန်စွာပြေပြစ်သော အသံမင်းသမီးဖြစ်သည်။ လေပါတီမမြရင်၏အသံက အသံဝါဖြစ်သော်လည်း ပဲခူးမြ၏အသံထက် အနည်းငယ် သေးသည်။ ပဲခူးမြ၏အသံသည် လေးပင်ပိုင်နိုင်လှသည်။ လေပါတီမမြရင်အသံက လွင်သာယာသည်။ တစ်မျိုးစီ ကောင်းကြသည်။ ထက်ကြသည်ပင်တည်း။

ပဲခူးမြ၏မိသားစုမှာ အဆက်အနွယ် မကြွင်းကျန်ခဲ့ပါ။ ဂျပန်ခေတ်က ဗုံးကျတွင် တစ်အိမ်လုံး ဘဝနိဂုံးချုပ်၍ သွားကုန်ကြောင်း သနားစဖွယ်သာ မှတ်သားလိုက်ရပါတော့သတည်း။

သုံးဆယ်ထိဋ္ဌတင်မြင့်

မှတ်ချက်။ ။၁၉၇၂–ခုနှစ်၊ ဇွန်လထုတ်၊ သွေးသောက်မဂ္ဂဇင်း၊ အမှတ်(၃၁၈)၊ စာမျက်နှာ(၄၇ မှ ၄၈ ထိ)၌လာရှိသော ဆောင်းပါးကို ပြန်၍စာစီရိုက်ထားပါသည်။

ebook is created by www.ShanYoma.Org